**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**(၁၂)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

(အင်္ဂါနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၈)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ် ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၈၊

နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာညီညီထွန်း၊ မွန်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ မိသားစုကိစ္စ။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ မိသားစုကျန်းမာရေး။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဘိုးရယ်၊ ကယား(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ဆွေမျိုးနာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမနားနိုင်၊ ချင်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ (၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးကျားမောင်၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဌေ့ယိန်း၊ ချင်း(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်ရေးကိုယ်တာ။ ဦးတင်ရှန်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျွဲနိခန်း၊ ချင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအေး၊ မန္တလေး(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ဒေသဖွံ့ဖြိုးရေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးရရှိရန် ဆောင်ရွက်နေသော လုပ်ငန်းစဉ်နှင့် မူဝါဒများ ရှိ၊ မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည် က ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးရရှိရန် ဆောင်ရွက်နေသော လုပ်ငန်းစဉ်နှင့် မူဝါဒများ ရှိ၊ မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ်မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးရရှိရန် ဆောင်ရွက်နေသော လုပ်ငန်းစဉ်နှင့် မူဝါဒများ ရှိ၊ မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံကနေ လက်ရှိအနေအထားမှာ အိမ်နီးနားချင်းနဲ့ နိုင်ငံအသီးသီးကို သွားရောက်ပြီးတော့ အလုပ်လုပ်နေတဲ့ ဒီရွှေ့လျား (Migrant Workers) တွေဟာ အကြမ်းအားဖြင့် (၅)သန်းကနေ (၆)သန်းရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ဒါ ကျွန်တော်တို့ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံအသီးသီးကို သွားပြီးတော့ ဒီအလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေပါ။

အဲဒီတော့ ဒီ Migrant Workers တွေဟာ ကျွန်တော်တို့ ကြားသိနေရတာ၊ နောက်သက်ဆိုင်ရာ အလုပ်သမားတွေက ပြောပြချက်အရ သိရှိရတာ။ သူတို့တွေဟာ သူတို့ရဲ့ ဟိုမှာ ရပိုင်ခွင့်အခွင့်အရေး အမျိုးမျိုးကို ချိုးဖောက်ပြီးတော့ ခံနေရတယ်လို့ သိရှိရပါတယ်။ အဲဒီတော့ ဒီနိုင်ငံတွေဟာ ကျွန်တော်တို့ နိုင်ငံကိုလည်းပဲ အမြဲမပြတ် သူတို့ ဆိုနေကြတဲ့ လူ့အခွင့်အရေးဆိုင်ရာ ကျင့်ထုံးတွေ၊ အဲဒီတော့ ဒီဟာတွေကို ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေက အဲဒီနိုင်ငံမှာ သွားလုပ်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေဟာ ခံစားရမှုဟာ အင်မတန်မှ နည်းတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီအခွင့်အရေးတွေ ရရှိအောင် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုများ ဒါတွေကို ဆောင်ရွက်ပေးထားသလဲ။ ဒီ အခွင့်အရေးတွေကို ဘယ်လိုရရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ပေးထားတယ်ဆိုတဲ့ ဒီလုပ်ငန်းစဉ်ကို ကျွန်တော်တို့က ကွက်ကွက်ကွင်းကွင်း ဒါ သိရှိလိုတဲ့အတွက်ကြောင့် အများပြည်သူရဲ့ကိုယ်စား ဒါ မေးမြန်းရခြင်းလည်းပဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ ရွှေ့ပြောင်းအလုပ်သမားများ အများစု ပို့ဆောင်နေတဲ့ နိုင်ငံကတော့ ဖိလစ်ပိုင်နိုင်ငံ ဖြစ်ပါတယ်။ တော်တော်များများက ဖိလစ်ပိုင်နိုင်ငံကို သူတို့ စံနမူနာယူပြီးတော့ သီရိလင်္ကာနိုင်ငံတို့၊ ပါကစ္စတန်နိုင်ငံတို့ စသည်အားဖြင့်ပေါ့နော်၊ အသီးသီးက ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ သူတို့က အများဆုံး ဒီကမ္ဘာမှာ လွှတ်နေတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ နောက် သူတို့ဆီမှာ ဆိုလို့ရှိရင်တော့ Agent တွေ၊ ခုနတုန်းက ကျွန်တော်တို့ ဒီ သွားရတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ပို့ဆောင်နေတဲ့

အလုပ်တွေကို ရှာဖွေပေးနေတဲ့ Agent တွေရှိပါတယ်။ ဒီ Agent တွေကို သူတို့က နိုင်နိုင်နင်းနင်းနဲ့ စည်းကမ်းတကျ သူတို့ စီမံဆောင်ရွက်ပေးတဲ့ဟာကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။

တစ်နည်းအားဖြင့်ဆိုရင် ဒီနိုင်ငံခြားကိုမသွားခင် အဲဒီကျွန်တော်တို့သွားမယ့် အလုပ်သမားတွေဟာ လခဘယ်လောက်လောက်ရလဲ၊ ဘယ်လို Over Time ကြေးတွေကိုရမလဲ၊ ဘယ်လို အခွင့်အရေးတွေကို ခံစားရမလဲ စသည်အားဖြင့် နောက် သူဘယ်လိုနေထိုင်ရမယ့် နေရာတွေကအစ သေသေချာချာ သူတို့ ဆွေးနွေးပြီး ဒါ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအခါမှာ သူတို့ စာချုပ်တွေလည်း ချုပ်တယ်။ စာချုပ်တွေမှာလည်း သေသေချာချာ ထင်ထင်ရှားရှားနဲ့ ထည့်ပြီးတော့ ချုပ်ပါတယ်။ တကယ်လို့များ ဒီစာချုပ်ကို ချိုးဖောက် ခဲ့တယ်ဆိုရင် သက်ဆိုင်ရာ Agent တွေကိုလည်းပဲ ထင်သာမြင်သာနဲ့ သူတို့ဒါ အရေးယူဆောင်ရွက် ပေးတယ်ဆိုတာ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ အခု Agent တွေက တော်တော်များများ ရှိပါတယ်။ ဒီ Agent တွေကို အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဘယ်လိုများ ကျွန်တော်တို့က Regulations တွေ၊ Rules တွေများနဲ့ ဆောင်ရွက်နေပါသလဲ။ ဥပဒေတွေ၊ ညွှန်ကြားချက်တွေနဲ့ ဒီဟာကလည်းပဲ ပွင့်ပွင့်လင်းလင်းနဲ့ ထင်သာမြင်သာ ဒီတစ်နိုင်ငံလုံးမှာရှိနေတဲ့ ကျွန်တော်တို့ နိုင်ငံသူ/နိုင်ငံသားတွေ သိရှိလိုကြပါတယ်။ ဘာကြောင့်လဲဆိုတော့ တော်တော်များများ ဒီကနေ့ အချိန်အခါမှာ ဒီအခွင့်အလမ်းတွေရတော့ နိုင်ငံခြားကို သွားပြီးတော့ အဲဒီ Agent တွေနဲ့ အလုပ်လုပ်ဖို့တွေဟာ ကျွန်တော်တို့ စိုးပြင်းနေကြပါတယ်။ ဒါဟာ အရေးကြီးတဲ့အပိုင်း ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ခုနကတုန်းက ပြောတဲ့ နိုင်ငံတွေမှာဆိုရင် အဲဒီ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် Welfare fund တွေ သူတို့ ဆောင်ရွက်ပေးပါတယ်။ ဥပမာ - ဖိလစ်ပိုင်နိုင်ငံမှာ ဆိုလို့ရှိရင်တော့ မသွားခင်ကတည်းက အဲဒီ Agent တွေနဲ့ သူတို့ ညှိနှိုင်းတယ်၊ ဆောင်ရွက်တယ်။ အလုပ်သမားတစ်ဦးဟာ တစ်နှစ်ကို အကြမ်းဖျင်းအားဖြင့် ကျွန်တော်လေ့လာ သိရှိရသလောက် (၂၅) ဒေါ်လာ၊ ဒါ တစ်နှစ်ကို ပေးရပါတယ်။ သူတို့က သက်သာချောင်ချိရေးအတွက်ပါ။ အဲဒီသက်သာချောင်ချိရေးက ဘာလုပ်မလဲဆိုရင် ခုနကတုန်းက သူရဲ့ မိသားစု၊ သူလည်းပဲ အဲဒီမှာ တချို့ ကျန်းမာရေးကိစ္စတွေ၊ ထိခိုက်ဒဏ်ရာရမှု ကိစ္စတွေရှိရင် ဒီ Welfare fund ကနေပြီးတော့၊ ပြန်ပြီးတော့ ထောက်ပံ့ပါတယ်။ ဒါသူတို့နိုင်ငံတွေမှာ ဆောင်ရွက်ပါတယ်။ နောက်တစ်ခါထပ်ပြီးတော့ Oversea Workers တွေ၊ Migrant Workers Fund ဆိုတာလည်း တစ်ခါထားပါတယ်။ ဒါကတစ်ခု ဒါက တစ်မျိုးပါ။ ဒီလိုအမျိုးမျိုးတွေ ဒါ ကျွန်တော်တို့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ဆောင်ရွက်ပေးနေခြင်းရှိပါတယ်။ နောက် ကျွန်တော်တို့ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်ပြီးတော့လည်း UN Conventions ကုလသမဂ္ဂ ကလည်းပဲ Conventions တွေရှိပါတယ်။ နောက် ILO Conventions တွေလည်းရှိပါတယ်။ ကျွန်တော်တို့ အာဆီယံမှာလည်းပဲ ဒီဟာကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကိုယ့်လူမျိုး နိုင်ငံခြားကို သွားပြီးတော့ လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် တစ်စိုက်မတ်မတ် ဆောင်ရွက်ပေးဖို့ လိုပါတယ်။

နောက် သူတို့က တော်တော်များများ ပြောကြဆိုကြတာကတော့ သက်ဆိုင်ရာအလုပ်သမားသံအရာရှိဟာ ကျွမ်းကျင်လိမ္မာဖို့နဲ့ အဲဒီအလုပ်သမားတွေအတွက် အင်မတန်မှ အထောက်အကူဖြစ်တဲ့ ဒီလိုပုဂ္ဂိုလ်မျိုး ဒါ လိုအပ်တယ်လို့လည်းပဲ ဆိုကြပါတယ်။ အဲဒီအလုပ်သမားသံအရာရှိရဲ့ စွမ်းဆောင်မှုဟာ

အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ဒီကိစ္စကိုလည်းပဲ ထည့်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်တဲ့ အခါမှာ စဥ်းစားဖို့လိုပါတယ်။ ဒီကနေ့ ဒီအလုပ်သမားတွေနဲ့၊ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်ပြီးတော့ သက္ကရာဇ် ၂၀၀၀၊ ဒီဇင်ဘာလမှာ ဆွေးနွေးခဲ့ပြီး နှစ်စဥ် အခု ဒီဇင်ဘာ ၁၈ ရက်နေ့ဟာ ရွှေ့ပြောင်းအလုပ်သမားများနေ့ကို တစ်ကမ္ဘာလုံးမှာ ကျင်းပလျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ဒါကျင်းပသွားတာ ရှိပါတယ်ခင်ဗျ။ ဒါကြောင့် ဒီရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်တဲ့ ရရှိဖို့အခွင့်အရေးတွေ ဆောင်ရွက်တဲ့လုပ်ငန်းတွေကို ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာ ဒါ တင်ပြဆွေးနွေးပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ နောက် မူဝါဒတွေကလည်းပဲ ဘယ်လိုမူဝါဒတွေရှိသလဲ။ ဒီ ဟာလည်းပဲ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ထင်ထင်မြင်မြင် ရှိဖို့လိုပါတယ်။ ဒါကြောင့် အခု ကျွန်တော်တို့ အိမ်ဖော်လုပ်ငန်းတွေ ဒါအများဆုံးပြောနေပါတယ်။ အိမ်ဖော်လုပ်ငန်းတွေ ကျွန်တော်တို့ ပါလာပါပြီ။

ဒီကနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မျိုးချစ်စိတ်ဓာတ်၊ ကျွန်တော်တို့ရဲ့ ယဥ်ကျေးမှု၊ ကျွန်တော်တို့ လူမျိုးတွေ မပျောက်သုန်းဖို့ဆိုတဲ့ မူဝါဒတွေနဲ့ အများကြီး ဆောင်ရွက်လျက်ရှိတယ်ဆိုတာ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးများရော၊ ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီ အိမ်ဖော်တွေကို လွှတ်တဲ့အချိန်မှာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်တော်တို့ သူတို့ကို ဘယ်လိုများ Training တွေ၊ ဘယ်လိုများလေ့ကျင့်ပြီးတော့ ဘယ်လိုများ ကျွန်တော်တို့က ညွှန်ကြားပြီးတော့မှ လွှတ်ပါသလဲ။ အသက်အရွယ်အားဖြင့် ဘယ်အသက်အရွယ်ကို ကျွန်တော်တို့က သတ်မှတ်ထားပါသလဲ။ ကျွန်တော် သိသလောက်ကတော့ (၁၅)နှစ်ကနေ (၂၈)နှစ်လား မသိပါဘူးခင်ဗျား။ မှားရင်မှားပါမယ်။ အဲဒီတော့ ဒါတွေဟာ အင်မတန်အရေးကြီးလာပြီ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးရရှိရန် ဆောင်ရွက်နေသော လုပ်ငန်းစဥ်နဲ့ မူဝါဒများကို ကွက်ကွက်ကွင်းကွင်း သိလိုတဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမဆုတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထင်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးရရှိရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဥ်နှင့် မူဝါဒများ

ရှိ၊ မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနဲ့အညီ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ အစိုးရပြည်ပအလုပ်အကိုင် Agency အပါအဝင် တရားဝင်ပြည်ပ အလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ Agency (၁၈၄)ခု မှတစ်ဆင့် မြန်မာအလုပ်သမားများကို ပြည်ပနိုင်ငံများသို့ စေလွှတ်ရာမှာ ပြည်ပသို့ မြန်မာအလုပ်သမားများ စနစ်တကျသွားရောက်၍ အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေရရှိစေရန်၊ အလုပ်သမားများရဲ့ ရပိုင်ခွင့်နဲ့အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်၊ ပြည်ပမှ ရရှိလာသော အတွေ့အကြုံအသိပညာနဲ့ အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချရန် စတဲ့ ရည်ရွယ်ချက်များနဲ့ စေလွှတ်ခြင်း ဖြစ်ပါတယ်။

ဒီလိုပြည်ပသို့ မြန်မာအလုပ်သမားများ စေလွှတ်တဲ့လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ ၂၇-၅-၂၀၁၁ ရက်နေ့မှာ ပြည်ပတွင် အလုပ်အကိုင်၊ အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီအနေနဲ့ ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်ခြင်း၊ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသူများထံမှ ဝင်ငွေခွန် ပေးဆောင်ခြင်း၊ မိသားစုလွှဲပို့ငွေများ ပေးသွင်းခြင်းတို့ကို ပြောင်းလဲနေတဲ့အခြေအနေနဲ့ လိုက်လျော ညီထွေဖြစ်စေဖို့ ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပြီး အလုပ်သမားများရဲ့ အခွင့်အရေးကာကွယ် စောင့်ရှောက်ခြင်းနဲ့ အလုပ်သမားများ အကျိုးခံစားခွင့်များ ရရှိစေခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒီကော်မတီကို လုပ်ငန်းအထောက်အကူပြုနိုင်ဖို့အတွက် စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားများ အကျိုးခံစားခွင့်ရရှိရေးကော်မတီနဲ့ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ကော်မတီတို့ကိုလည်း ဖွဲ့စည်းထားရှိပါတယ်။ ပြည်ပရောက် မြန်မာအလုပ်သမားများ ကူညီစောင့်ရှောက်ရေး အဖွဲ့ကိုလည်း မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှာ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံအမတ်ကြီးက နာယက အနေနဲ့ သံမှူးကြီးက ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းပြီး ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့် အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ကိုရီးယားသမ္မတ နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှာရှိတဲ့ မြန်မာသံအမတ်ကြီးများရဲ့ ကွပ်ကဲမှုအောက်မှာ အလုပ် သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အလုပ်သမား သံအရာရှိတစ်ဦးစီကို ထားရှိပြီး၊ အဲဒီ နိုင်ငံမှာရှိတဲ့ မြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံများရဲ့ အလုပ်သမားများ၊ အလုပ်သမား ဥပဒေများနဲ့အညီ ကာကွယ်ပေးခြင်း၊ လူမှုအာမခံစနစ်၊ ကျန်းမာရေးအာမခံစနစ် ရရှိအောင် ဆောင်ရွက် ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင်လည်း အခါအားလျော်စွာ စက်ရုံ၊ အလုပ်ရုံ များကို သွားရောက်ကြည့်ရှုအားပေးခြင်း၊ အလုပ်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သတ်မှတ် ထားတဲ့ လုပ်ခလစာများရရှိရေး ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်မတော်တဆ ထိခိုက်ဒဏ်ရာရမှုနဲ့

နစ်နာမှုများအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးခြင်း၊ အလုပ်ပြောင်းလဲခြင်း အတွက် အကူအညီ ပေးခြင်း၊ မိခင်နိုင်ငံသို့ ပြန်လည်ထွက်ခွာလိုသူများအတွက် အကာအကွယ်ပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်လက်ပြီး မကြာမီကာလမှာ ကူဝိတ်နိုင်ငံနှင့် စင်ကာပူ နိုင်ငံများသို့လည်း အလုပ်သမား သံအရာရှိများ ခန့်ထားစေလွှတ်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိ ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ ၁၂-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်၊ ၉/၂၀၁၃ က အတည်ပြုခဲ့တဲ့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒနဲ့အညီ အောက်ပါအတိုင်း ချမှတ်ကျင့်သုံး လိုက်နာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကတော့ (က) ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက် များ စုဆောင်းရယူခြင်း၊ သုတေသနနဲ့ လေ့လာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပ အလုပ်သမား ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရန် တရားဝင်လမ်းကြောင်း များကို ခွင့်ပြုပေးပြီး သွားလာမှုလွယ်ကူစေခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ပတ်သက်ပြီး လုပ်ငန်း ဆောင်ရွက်မှု ကုန်ကျစရိတ် လျှော့ချခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခြေခံအခွင့်အရေးများ ရရှိစေခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများနဲ့ သူတို့ရဲ့မိသားစုအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် စေခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းမှ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနဲ့ အသိပညာများ ရရှိစေခြင်း၊ ပြန်လည် မျှဝေပေးနိုင်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ အရေးကိစ္စမှာ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပရှိ လူမှုအခြေပြု အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းကို ဆင်းရဲမှု လျှော့ချရေး မဟာဗျူဟာရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်စေခြင်း တို့ ဖြစ်ကြပါတယ်။

အဲဒီ့ မူဝါဒတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ နိုင်ငံတကာအဖွဲ့ (International Organization for Migration-IOM) မှာ အဖွဲ့ဝင်နိုင်ငံ အဖြစ် ၂၀၁၃ ခုနှစ်မှာ ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့နဲ့ ပူးပေါင်းကာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ (၅)နှစ် စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ရာမှာ သက်ဆိုင်ရာ နိုင်ငံရှိ မြန်မာသံရုံး သို့မဟုတ် အလုပ်သမားသံအရာရှိက စိစစ်ပြီး မှန်ကန်မှုရှိတဲ့ အလုပ်ခေါ်စာ (Demand Letter) နဲ့ အလုပ် လုပ်ကိုင်မှု သဘောတူညီချက်စာချုပ် (Employment Contract) တို့ကို မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်ရဲ့ ထောက်ခံချက်နဲ့အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက စိစစ်ဆောင်ရွက်ပေးနေပါတယ်။

ဆက်လက်ပြီး မှန်ကန်မှုရှိတဲ့ အလုပ်ခေါ်စာ (Demand Letter) တွေကို ပညာရေး၊ ကျန်းမာရေးနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူကာ သက်ဆိုင်ရာ ကုမ္ပဏီ၊ အေဂျင်စီများသို့ အသိပေးအကြောင်းကြားပြီး ကိုရီးယားနိုင်ငံနဲ့ မလေးရှားနိုင်ငံသို့ သွားရောက် လုပ်ကိုင်လိုသူများအတွက် ပြည်ပမထွက်ခွာမီ အကြိုသင်တန်း (Pre-departure Training) များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်မယ့် အလုပ်သမားများအတွက်လည်း သက်ဆိုင်ရာ အေဂျင်စီအလိုက် အလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံရဲ့ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနဲ့ အလုပ်သမားရေးရာ ဥပဒေများ၊ သိသင့်သိထိုက်သည့် အချက်အလက်များ၊ ဆောင်ရန်ရှောင်ရန် တို့ကို သိရှိနားလည် သဘောပေါက်စေဖို့ လုပ်ငန်းခွင် အကြိုသင်တန်းများကို ဖွင့်လှစ်သင်ကြားစေပြီး လုပ်ငန်းခွင် အကြို သင်တန်းအောင်လက်မှတ် ရရှိသူများကို ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြားများ ထုတ်ပေးလျက်ရှိပါတယ်။

ဒီလို စေလွှတ်ရာမှာလည်း အလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ဖို့အတွက် အလုပ်ရှင်များရဲ့ ဝန်ခံကတိပြုချက်နဲ့ အလုပ်သမားစေလွှတ်တဲ့ အေဂျင်စီရဲ့ ဝန်ခံကတိပြုချက်များကို ရယူပြီးမှ အလုပ်သမားများအား စေလွှတ်ခွင့်ပြုလျက်ရှိပါတယ်။ အလုပ်သမားစေလွှတ်တဲ့ အေဂျင်စီအနေနဲ့ အလုပ်သမားများ မြန်မာနိုင်ငံမှ ထွက်ခွာချိန်မှစပြီး တာဝန်ယူစောင့်ရှောက်မှုများ ပြုလုပ်စေပြီး တာဝန်မယူတဲ့ အေဂျင်စီကို ထိရောက်တဲ့ အရေးယူမှုများ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဟာ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့နဲ့ ပြည်ပအလုပ်အကိုင်အေဂျင်စီများနဲ့ ရွှေ့ပြောင်း အလုပ်သမားများ နှစ်ဖက်မျှတစွာ အကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်လျက် ရှိရာမှာ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်ကို ၂၀၁၃ ခုနှစ်မှာ ဖွဲ့စည်းခဲ့ ပါတယ်။ အဲဒီ အဖွဲ့ချုပ်အနေနဲ့ လုပ်ငန်းပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့မှာ ရုံးခွဲများဖွင့်လှစ်ပြီး အလုပ်သမားများနဲ့ ပတ်သက်တဲ့ ကိစ္စရပ်များကို ဆောင်ရွက် ပေးလျက်လည်း ရှိပါတယ်။

ဒါကြောင့်မို့လို့ ပြည်ပမှာ မြန်မာရွှေ့ပြောင်းအလုပ်သမားများနဲ့ ပတ်သက်တဲ့ အလုပ်သမား ရေးရာကိစ္စရပ်များ ပေါ်ပေါက်လာခဲ့ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိ၊ မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့ဟာ အဲဒီနိုင်ငံမှာရှိတဲ့ အလုပ်သမား ရေးရာဆိုင်ရာအဖွဲ့ချုပ်များ၊ အေဂျင်စီများ၊ အဖွဲ့အစည်းတို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အင်းလေး၊ ငပလီဒေသများတွင် ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ရန် ဆောင်ရွက်နေသော ဟိုတယ်များသည် ဒေသ သဘာဝပတ်ဝန်းကျင် အခြေအနေနှင့် လိုက်ဖက်ညီစေရန် ဟိုတယ်အဆောက်အဦ ပုံသဏ္ဌာန်များ၊ ဆေးရောင်များကို သတ်မှတ်ကြီးကြပ်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးညွန့်တင် က အင်းလေး၊ ငပလီဒေသများတွင် ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ရန် ဆောင်ရွက်နေသော ဟိုတယ်များသည် ဒေသ သဘာဝပတ်ဝန်းကျင် အခြေအနေနှင့် လိုက်ဖက်ညီစေရန် ဟိုတယ်အဆောက်အဦ ပုံသဏ္ဌာန်များ၊ ဆေးရောင်များကို သတ်မှတ်ကြီးကြပ်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ နိုင်ငံတကာက ဧည့်သည်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမယ့် မေးခွန်းကတော့ အင်းလေး၊ ငပလီ အစရှိတဲ့ ဒေသများတွင် ဆောက်လုပ်လျက်ရှိသော၊ ဆောက်လုပ်ရန် ဆောင်ရွက်နေသော ဟိုတယ်များ သည် ဒေသပတ်ဝန်းကျင်အခြေအနေနှင့် လိုက်ဖက်ညီစေရန် ဟိုတယ်အဆောက်အဦ ပုံသဏ္ဌာန်များ၊ ဆေးရောင်များကို သတ်မှတ်ကြီးကြပ်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများ၊ နောက်တစ်ခါ ဟိုတယ်/ခရီးဝန်ကြီးဌာန၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ ဌာနတစ်ခုလုံးရဲ့ ကြိုးပမ်းမှုကြောင့် ကျွန်တော် တစ်နှစ်ထက် တစ်နှစ် ခရီးသွား Tourist တွေဟာ တိုးတက်လျက်ရှိတာကို တွေ့ရပါတယ်။ မနှစ်က (၂)သန်း လောက် ရှိရာကနေပြီးတော့ ဒီနှစ်မှာ (၃)သန်းလောက်အထိ မှန်းနေတာကို တွေ့ရပါတယ်ခင်ဗျား။ အဲဒီလို ခရီးသွား Tourist တွေ တိုးတက်လာတဲ့အတွက် နိုင်ငံရဲ့ စီးပွားရေးဝန်ဆောင်မှု အပိုင်းမှာလည်းများစွာ တိုးတက်လာတာကို တွေ့ရပါတယ်။ Grass Root ပေါ့၊ အောက်ခြေက လူတွေလည်း အများကြီး ကျွန်တော်တို့ အလုပ်အကိုင်တွေ ရလာပြီးတော့ ဝင်ငွေတွေရလာတာကို တွေ့ရပါတယ်။ ဒါကို ကျွန်တော်တို့က ကြိုဆိုရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ခရီးသွား Tourist တွေ များလာတာနဲ့အမျှ ဟိုတယ် တွေလည်း များစွာလိုအပ်လာပါတယ်။ ဟိုတယ်တွေလည်း အခု ကျွန်တော်တို့ တစ်လမှာ (၂)လုံး၊ (၃)လုံး လောက် ဆောက်လာတာကို တွေ့ရတယ်။ အသစ်တွေ၊ တချို့ဆိုလည်း ဟိုတယ်အကြီးကြီးတွေ၊ တချို့လည်း အသေးတွေပေါ့၊ နောက် ဟိုတယ် အဟောင်းတွေကို ပြန် Renovate လုပ်တယ်။ အဲဒါတွေကိုလည်း ကျွန်တော်တို့ ကြိုဆိုရမှာပါ။ ဟိုတယ်တွေများလာတော့ ကျွန်တော်တို့ရဲ့ လုပ်သားတွေ အလုပ်ရပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို ဖြစ်လာတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ တစ်ခု သတိထားရမှာက ဒီ ခရီးသွားလုပ်ငန်းဆိုတာ သဘာဝအလှအပကို ပြစားရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် သဘာဝအလှ အပကို မပျက်စီးအောင် ထိန်းသိမ်းဖို့ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်။ အစိုးရ၊ လွှတ်တော်၊ ဝန်ကြီးဌာနတွေ အားလုံးပေါ့၊ နောက်တစ်ခါ ပြည်သူတွေပေါ့၊ အားလုံးပူးပေါင်းပြီး ဆောင်ရွက်ရမှာဖြစ် ပါတယ်။ အဲဒီ သဘာဝအလှအပတွေ မပျက်စီးဖို့က ကျွန်တော်တို့ ထိန်းသိမ်းတဲ့အပိုင်းမှာ ဥပမာကောင်း တစ်ခုကတော့ ပုဂံ၊ ပုဂံကို ကျွန်တော်ထည့်မပြောတာ ပုဂံက နဂိုကတည်းက ထိန်းသိမ်းထားပြီးသားဖြစ် ပါတယ်။ ခေတ်အဆက်ဆက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နောက်တစ်ခါ ဟိုတယ်/ခရီး စသည်ဖြင့် ဝိုင်းထိန်းထားတဲ့အတွက်ကြောင့် ဒီ ပုဂံမှာ ဆောက်တဲ့ ဟိုတယ်တွေ အားလုံးက ပုဂံဘုရားပုထိုးတွေနဲ့ လိုက်ဖက်ပါတယ်။ ဆေးရောင်ကအစ၊ ကျွန်တော်တို့ Architecture ပေါ့၊ ဒီဇိုင်းကအစ၊ အမြင့်ကအစ အားလုံးကို ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ဟိုတယ်/ခရီးတို့က

ဝိုင်းဝန်းထိန်းသိမ်းထားတဲ့အတွက်ကြောင့် ဒါကြောင့်မို့လို့ ကျွန်တော် ပုဂံကတော့ ပြောစရာမလိုဘူး။ အားလုံး ပုဂံဟာ စံပြပါပဲ။

အဲဒါကို ကြည့်ပြီးတော့ ကျွန်တော်တို့ အခု ငပလီနဲ့ အင်းလေးမှာ ကျွန်တော်တို့ နည်းနည်းလေး ပိုဂရုစိုက်ဖို့ လိုလာတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ ငပလီနဲ့ အင်းလေးကို ကျွန်တော်တို့ မီးမောင်းထိုးပြပြီးတော့ ပြောတာပါ။ ငပလီ၊ အင်းလေးတင် မကပါဘူး။ ငွေဆောင်၊ နောက်တစ်ခါ ချောင်းသာ၊ နောက် တိုင်းနဲ့ ပြည်နယ်တွေမှာလည်း ရှိပါတယ်။ မောင်းမကန်၊ ရိဒ်ရေကန် လိုဟာမျိုးပေါ့၊ ဒါတွေက လောလောဆယ်တော့ ဟိုတယ် မရှိသေးတော့ ကျွန်တော် မပြောတာပါ။ တကယ်တော့ ဟိုတယ်တွေ ရှိလာရင် အဲဒီမှာ ဇွဲကပင်တောင်ကအစ၊ ရိဒ်ရေကန်ကအစ၊ ဟုတ်လား၊ ဒီ နာဂမှာရှိတဲ့ ရေကန်တွေကအစ၊ ကျွန်တော်တို့ နောင် ဟိုတယ်တွေ ဆောက်မယ်ဆိုရင်တော့ ထိန်းရမှာပါ။ အခုတော့ လောလောဆယ်မှာ ကျွန်တော်တို့ ဟိုတယ်ဆောက်နေတဲ့နေရာတွေကိုပဲ ကျွန်တော် အဓိက ထားပြီးတော့ မီးမောင်းထိုးပြခြင်း ဖြစ်ပါတယ်။

ကမ္ဘာမှာလည်း ကျွန်တော်တို့နိုင်ငံတကာမှာ ဒီလိုပဲ ထိန်းသိမ်းကြပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဘာလီ၊ ဘာလီဟာ ကမ္ဘာကျော်ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာလီမှာဆိုရင် အားလုံး ဒီက ကိုယ်စားလှယ်တွေ တော်တော်များများ ရောက်ဖူးပါတယ် အင်ဒိုနီးရှား၊ ဘာလီမှာ၊ အဲဒီတော့ ဘာလီမှာဆိုရင် ဘာလုပ်ထား သလဲဆိုတော့ ဘာလီမှာရှိတဲ့၊ ဘာလီကျွန်းမှာ ဆောက်တဲ့ဟိုတယ်တွေအားလုံးရဲ့ အမြင့်သည် ဘာလီကျွန်းမှာ ရှိတဲ့ အမြင့်ဆုံးအုန်းပင်ထက် ပိုမမြင့်ရဘူး။ အဲဒီ အမြင့်ဆုံးအုန်းပင်ရဲ့ အောက်မှာပဲ ရှိရမယ်။ ဒါကတော့ သဘာဝကို ထိန်းသိမ်းတဲ့ အပိုင်းလေး ဖြစ်ပါတယ်။ နောက်တစ်ခါ အရေးကြီးတဲ့ ဘုရားပရဝဏ်တွေနဲ့ ဥပမာအားဖြင့် ကိုက်(၅၀)ဝေးရမယ်။ ကိုက်(၁၀၀)ဝေးရမယ်၊ စသည်ဖြင့် ဟိုတယ် တွေကို အဲဒီလို သတ်မှတ်ထားပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ခရီးသွားလုပ်ငန်းနဲ့ အင်မတန်အောင်မြင် နေတဲ့ ပြင်သစ်နိုင်ငံကိုကြည့်ရင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့မှာဆိုလို့ရှိရင် ကျွန်တော်တို့ အဆောက်အဦတွေ အားလုံးကို ပြင်ဆင်မယ်၊ သို့မဟုတ် ဆေးပြန်သုတ်မယ်ဆိုရင် ဟိုမှာရှိတဲ့ မြူနီစပယ်လိုနေရာမျိုးကို တင်ရပါတယ်။ အဲဒီမှာတင်တဲ့အခါမှာ ဆေးရောင်ကအစ စိစစ်ပြီးတော့ အများအားဖြင့်တော့ ပြောင်းလဲ လို့ မရဘူး။ ဒါကြောင့်မို့လို့ ပါရီမြို့ထဲမှာရှိတဲ့ အဆောက်အဦတွေ အားလုံးဟာဆိုရင် ဆေးရောင်ဟာ အဲဒီ(၁၆)ရာစု၊ (၁၇)ရာစု၊ (၁၈)ရာစု အဲဒီက ဆေးရောင်တွေပဲ၊ အဲဒီက Architecture တွေပဲ၊ ပုံသဏ္ဍာန်တွေပဲ၊ အတွင်းပိုင်းပဲ သူက ပြင်လို့ရတယ်။ ဒါကြောင့်မို့လို့ ဟိုစာရေးဆရာတစ်ယောက် ပြောသလိုပေါ့၊ သဲရောင် ပေါ့၊ သူကပြောတော့ သဲရောင်အဆောက်အဦတွေ၊ သဲရဲ့အရောင်ကို သူတို့က သုတ် ခွင့်ပြုပါတယ်။ အဲဒါ ပါရီမြို့ထဲမှာ၊ ပါရီမြို့ရဲ့အပြင်မှာတော့ သူတို့ရတယ်။ La Defonce ဆိုတဲ့ နေရာမှာတော့ သူတို့ ရန်ကုန်မှာဆိုရင် ဒဂုံဆိပ်ကမ်းလို နေရာလောက်မှာ အဲဒီမှာ အထပ်အမြင့်တွေ သူတို့ ပေးလိုက်တယ်။ အထပ်အမြင့်တွေ ဆောက်လို့ရတယ်။ ဆေးရောင်လည်း ဒီလောက်မကန့်သတ်ဘူး။ ဒါနဲ့ ပါရီမြို့ထဲမှာတော့ မရဘူး။

ဒါကြောင့်မို့လို့ ပါရီမြို့နဲ့ ပြင်သစ်ကို တစ်နှစ်၊ တစ်နှစ် ဒီ ထိန်းသိမ်းထားတဲ့ အဆောက်အဦ အဟောင်းတွေကို လာကြည့်ဖို့လာတဲ့ Tourist က ပြင်သစ်နိုင်ငံရဲ့ လူဦးရေထက် ပိုများပါတယ်။ ပြင်သစ် နိုင်ငံက လူဦးရေ(၇၁)သန်း ရှိတယ်ဆိုရင် Tourist က (၇၃)သန်းတို့၊ (၇၂)သန်းတို့ အဲဒီလိုလာကြပါတယ်။ အဲဒီကဝင်ငွေကနည်းတာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီကျွန်တော်တို့ သဘာဝအလှအပ အဆောက်အဦ

အဟောင်းတွေကို ပြစားခြင်းသည် Tourism ရဲ့ အနှစ်သာရပါပဲခင်ဗျာ၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆိုတော့ အဓိကကတော့ ပုဂံ၊ ပုဂံကိုတော့ ထိန်းသိမ်းပြီးသား ဖြစ်ပါတယ်။ အင်းလေးနဲ့ ငပလီ အခု ကျွန်တော်တို့ Slide လေး နည်းနည်း တစ်ခု၊ နှစ်ခုကို ဓာတ်ပုံလေးတွေ ကျွန်တော် လုပ်ထားပါတယ်။ ဒါဆို ပုဂံပေါ့၊ ပုဂံမှာဆိုလို့ရှိရင် ဒါအမြင့်ဆုံး နန်းမြင့်တာဝါတောင်မှာ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိတဲ့ ဘုရား၊ ပုထိုးတွေနဲ့ လိုက်ဖက်အောင် Architecture လုပ်ထားတာတွေ့ရပါတယ်။ ဒါကတော့ Aureunm Hotel၊ သူကတော့ ပတ်ဝန်းကျင်နဲ့လိုက်ဖက်အောင် ည scene ဖြစ်ပါတယ်။ ဆောင်ရွက်ထားတာတွေရတဲ့ အတွက်ကြောင့် ဘာမှပြောစရာမရှိပါဘူး၊ ဒါက အင်းလေး PRINCESS Hotel၊ ဒါ အင်းလေးက PRINCESS Hotel ကလည်း သူ့သဘာဝနဲ့လိုက်ဖက်အောင် ပုံသဏ္ဍာန်လေးတွေ၊ ဆေးရောင်လေး တွေနော်၊ အဆောက်အဦ ရဲ့ အမြင့်ကိုလည်း ထိန်းသိမ်းထားပါတယ်။ ဒါလည်း အင်းလေး PRINCESS Hotel ပါပဲ။ ဒါလည်းကောင်းတဲ့ Good Example ပါ ဒီဥစ္စာကလည်း၊ ဒါ ငပလီ Beach၊ Sandoway Resort Hotel ဖြစ်ပါတယ်။ ငပလီမှာလည်း အခုထက်ထိတော့ အဆောက်အဦတွေ အားလုံးက ဒီသဘာဝနဲ့ အုန်းပင်တွေကြား အုန်းပင်တွေနဲ့ လိုက်ဖက်ညီတာကို တွေ့ရပါတယ်။ အရောင်ကအစ၊ Hight ကအစ၊ ဒါက နိုင်ငံတကာမှာဆိုရင် ထိုင်းနိုင်ငံမှာရှိတဲ့ Four Season Hotel၊ အဲဒါဆိုလို့ရှိရင် သူတို့တောထဲမှာကို ပျောက်နေတယ်၊ သူတို့က အဆောက်အဦကို ဒီလောက်ကို သဘာဝအလှအပကို သူတို့က ဦးစားပေးထားတာ တွေ့ရပါတယ်။

ဒါက ချင်းမိုင်မှာရှိတဲ့ Four Season Hotel ရဲ့ ညဘက် Scene ပေါ့လေ၊ ဒါ ချဒီးဟိုတယ်၊ ထိုင်းနိုင်ငံ၊ ချင်းမိုင်မှာ ရှိပါတယ်။ ဒါလည်း သဘာဝအလှအပတွေကို သူတို့ထိန်းသိမ်းပြီးတော့ ဆောက် ထားတဲ့ ဟိုတယ်တွေဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၊ ကျွန်တော်ပြောသလိုပါပဲ၊ အဲဒီကျွန်းမှာ ရှိတဲ့ အဆောက်အဦအားလုံးက ဘာလီကျွန်းရဲ့ အမြင့်ဆုံးအုန်းပင်ထက် ပိုမမြင့်ရပါဘူး။ ဒါကြောင့်မို့လို့ တောင်စောင်းတွေမှာလည်း သူတို့အင်မတန်လှလှပပဆောက်ထားတာ၊ ဒါဆိုရင် အင်မတန်မှ ကြည့်လို့ လည်း ကောင်းပါတယ်။ Tourist တွေက အင်မတန်မှစိတ်ဝင်စားပါတယ်။ ဒါက အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ ကျွန်းရှိ TANAH GASAU Hotel ဒါလည်း ကျွန်တော်တို့အင်မတန်ကောင်းတဲ့ Architecture ပါပဲ၊ ဒါ ပြင်သစ် နိုင်ငံ၊ ပါရီမြို့ရဲ့ ရှုခင်း၊ ပါရီမြို့မှာကြည့်ရင် ဒါ Arch de Thromp ပါ။ ဒါက သူတို့အောင်နိုင်ရေး မှတ်တိုင်ပေါ့၊ အဲဒီမှာကြည့်လို့ရှိရင် အဲဒီဘေးမှာရှိတဲ့ ဒါ ပြင်သစ်မြို့ထဲပေါ့၊ မြို့ထဲမှာရှိတဲ့ အဆောက်အဦတွေ အကုန်လုံးက Arch de Thromp ထက်နိမ့်တယ်။ အားလုံး၊ အရောင်တွေလည်း ကြည့်ရင် ကိုးရိုးကားယား အရောင်မရှိဘူး။ အားလုံးကသူတို့ပြောတဲ့ သဲရောင်ပေါ့နော်၊ အဲဒါပဲသုတ်ထားရတယ်။ နောက် သူတို့ ဆီမှာ ဘာတောင်မရှိဘူးလည်းဆို Setellite Dish တွေ မရှိဘူး။ ခေါင်မိုးတွေမှာ၊ အဲဒါတွေကလည်း ဒီ မြို့ရဲ့ အလှအပကို ဖျက်ဆီးတာပေါ့၊ နောက်ပြီးတော့ ဆိုင်းဘုတ်တွေမရှိဘူး။ ဆိုင်းဘုတ်ကြီးတွေမရှိဘူး။ ဆိုင်းဘုတ် ကို အသေးလေးပဲလုပ်ရတယ်။ ဟိုးအဝေးမှာ မြင်ရတဲ့ ဥစ္စာကတော့ ကျွန်တော်ပြောတဲ့ အဲဒီကောင်က ပြင်သစ်နဲ့ အပြင်ဘက်မှာပါ။ ဒဂုံဆိပ်ကမ်းလိုနေရာမျိုးမှာ အဲဒီကောင်ကတော့ La DBFONCE လို့ခေါ်ပါတယ်။ အဲဒီမှာတော့ High Rise တွေ ပေးထားတယ်။ ဒါ အဝေးကြီးပဲ၊ အဲဒါ (၂)ခုကို ယှဉ်ပြထားတာပါ။

အဲဒီတော့ ကျွန်တော်တို့က ဒီ ရန်ကုန်မြို့မှာလည်း အဲဒီလိုပဲ အဆောက်အဦဟောင်းတွေကို ထိန်းသိမ်းပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင် ခရီးသွားလုပ်ငန်းက အင်မတန် ဖွံ့ဖြိုးလာဖို့ရှိပါတယ်။

ဒါက ပါရီမြို့မှာရှိတဲ့ BALZAE Hotel၊ အဲဒါကြည့်လို့ရှိရင် သူ့အရောင်က သူတို့ နဂိုသဘာဝအရောင်ပဲ။ အပြင်က ပုံသဏ္ဍာန်ကို လုံးဝမပြင်ဘူး။ ရှေးတုန်းကပုံသဏ္ဍာန်ပဲ၊ ဒါပေမဲ့ အထဲမှာတော့ ကောင်းကောင်း လုပ်ထားပါတယ်။ ဒါ အင်မတန်နာမည်ကြီးတဲ့ ပါရီမြို့မှာရှိတဲ့ RITZ Hotel ပါ။ တစ်ခန်း တစ်ခန်းကို ဒေါ်လာ (၁၀၀၀) လောက်တောင် ပေးရပါတယ်။ အဲဒီနေရာမှာ အဲဒီတော့ အဲဒါတွေလည်း ရှေးတုန်းက ပုံသဏ္ဍာန်အတိုင်းပဲ ထိန်းထားတယ်။ သူတို့က ကောင်းတာက ရှေ့မှာ အဲဒီလို အရင်တုန်းကတော့ မြင်းရထားစီးဖို့နဲ့ တူပါတယ်။ အဲဒီနေရာလေးဟာဆိုရင် လူတွေလမ်းလျှောက်ဖို့ သိပ်ကောင်းပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ အခုဆိုရင် ငပလီမှာ ဘာတွေ့သလဲ ဆိုတော့ ဟိုတစ်နေ့ကပဲ ကျွန်တော်သတင်းမှာ ဖတ်လိုက်ရတယ်။ ငပလီကရှိတဲ့ သဲကိုစုပ်ယူပြီးတော့ ကျွန်တော်တို့ အဆောက်အဦ ဆောက်တယ်ဆိုပြီးတော့ ကမ်းခြေမှ သဲစုပ်ယူမှုဖြင့် ဟိုတယ် စုံစမ်းခံရ၊ ငပလီကမ်းခြေရှိ ဟိုတယ်အသစ်များ တည်ဆောက်ရေးကြောင့် ကမ်းခြေများမှ သဲများထုတ်ယူလေ့ ရှိခြင်းသည် အဓိက ပြဿနာတစ်ခု ဖြစ်လာတယ်။ သူတို့က အဝေးမှာသွား သဲမဝယ်တော့ဘူး။ ကမ်းခြေမှာရှိတဲ့ သဲကိုစုပ်ပြီးတော့ အဆောက်အဦ ဆောက်တယ်။ အဲဒါဆို အင်မတန်မှ ဟို ငပလီ ကမ်းခြေကို အရုပ်ဆိုးစေတာပေ့ါ၊ ချိုင့်ကြီးဖြစ်သွားကော သူက၊ ဒါကိုတော့ ဝန်ကြီးဌာနအနေနဲ့လည်း ထိန်းသိမ်းဖို့ ကြိုးစားနေတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ နောက်တစ်ခုကတော့ အင်းလေးမှာ ဘာတွေ့သလဲဆိုတော့ အင်းလေးကန်က တဖြည်းဖြည်းကောလာတဲ့ကြားထဲမှာ၊ တချို့ဟိုတယ်က ဘာလုပ်သလဲဆိုတော့ အင်းလေးကန်ထဲကို မြေဖို့တယ်၊ သူတို့က အရှေ့ကိုမြေခဲ့တာပေ့ါ၊ လှေလည်း ဆိုက်လို့ရအောင် အဲဒီတော့ အင်းလေးကန်ထဲကို မြေဖို့လိုက်တဲ့အခါကျတော့ အင်းလေးကန်က ပိုပြီး တော့ ကောသွားပါတယ်။ အဲဒီလို အဖြစ်အပျက် ကလေးတွေ ကျွန်တော်တို့ တွေ့နေရတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြချင်တာက တော့ အင်းလေး၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်လို နေရာတွေမှာ ကျွန်တော်တို့ ဟိုတယ်အသစ်တွေ ဆောက်တဲ့အခါမှာ Focal Ministry ဖြစ်တဲ့ အဓိကကတော့ ဟိုတယ်/ခရီးပေ့ါ၊ ဟိုတယ်/ခရီးလည်း လုပ်နေပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ တင်ပြတာ၊ သတိပေးတာပါ။ အဲဒီတော့ ဒီဟိုတယ်တွေကို ဘယ်လိုဆောက်ရမယ်။ အဲဒီက သဲတွေကို မယူရဘူး၊ အင်းလေးမှာ မြေမဖို့ရဘူး စသည်ဖြင့် နောက်အင်းလေးမှာ အခုနည်းနည်း အရုပ်ဆိုးသွားတာ ဟိုတယ်ဇုန်အသစ်ဆိုပြီးတော့ သူတို့က တောင်ပေါ်မှာရှိတဲ့ သစ်ပင်တွေကို အပြတ်ခုတ်လိုက်တယ်။ သစ်တွေကို၊ သစ်ပင်တွေ ခုတ်ချ လိုက်ပြီးတော့ ကွက်လပ်ကြီး ဖြစ်နေတယ်။ ဒီလိုမဖြစ်ရပါဘူး။ ဟိုတယ်ဇုန်အသစ်ဆိုရင်လည်း သတ်မှတ် ပေးလိုက်ပြီးတော့ သစ်ပင်တွေကြားထဲမှာ ကျွန်တော်တို့ ဆောက်ရမှာပါ။ အဲဒါမျိုးလေးတွေကို ကျွန်တော်တို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ Focal Ministry ဖြစ်တဲ့ ဟိုတယ်/ခရီးအနေနဲ့ ကြီးကြပ်ပေးသွားရန် ဆောင်ရွက်ထားခြင်း အစီအစဉ် ရှိ၊ မရှိ ဆိုတာကို သိရှိလိုပါကြောင်း အများပြည်သူအကျိုးအတွက် ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာစိုင်းကျော်အုန်း (ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ကျွန်တော်ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း မှ ဆုမွန်ကောင်းတောင်းအပ်၊ ဂါရဝပြု အပ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက် မြောက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အဘ ဦးညွန့်တင် မေးမြန်းထားတဲ့ အင်းလေး၊ ငပလီဒေသများတွင် ဆောက်လုပ်လျက်၊ ဆောက်လုပ်ရန် ဆောင်ရွက်နေသော ဟိုတယ်များသည် ဒေသသဘာဝပတ်ဝန်းကျင် အခြေအနေနဲ့ လိုက်ဖက်ညီစေရန် ဟိုတယ် အဆောက်အဦ ပုံသဏ္ဌာန်များ၊ ဆေးရောင်များကို သတ်မှတ်ကြီးကြပ်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဘဦးညွန့်တင် မေးမြန်းထားတဲ့ မေးခွန်းဟာ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရန်ရှောင်ရန်များကို ဟိုတယ် လုပ်ငန်းရှင်များအား မီးမောင်းထိုးပြပြီးတော့ ဗဟုသုတရရှိစေတဲ့ မေးခွန်းမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဘ ဦးညွန့်တင် ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာန အနေဖြင့် ၁၉၉၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းစဥ်(၄)မျိုး ချထားဆောင်ရွက်ပေးလျက် ရှိပါတယ်။ အဲဒီလုပ်ငန်းလိုင်စင် (၄)မျိုးကတော့ (၁) ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်၊ (၂) ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်၊ (၃) ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်၊ (၄)ဧည့်လမ်းညွှန် လုပ်ငန်း လိုင်စင် ပဲ ဖြစ်ပါတယ်။

အထက်ပါ လုပ်ငန်းလိုင်စင်(၄)မျိုးအနက် လုပ်ငန်းရှင်က ပြည်တွင်း/ပြည်ပ ဧည့်သည်များ တည်းခိုနိုင်ရန်အတွက် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုကြောင်း သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများနဲ့ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနများရဲ့ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်များ အပါအဝင် ဓာတ်ပုံမှတ်တမ်းများဖြင့် ပူးတွဲတင်ပြလာပါက ဝန်ကြီးဌာနမှ လုပ်ငန်းကျွမ်းကျင်တဲ့ စစ်ဆေးရေးအဖွဲ့ဖြင့် ဝန်ဆောင်မှုများပေး နိုင်ရေး ပြင်ဆင်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးပြီးတော့ စစ်ဆေးရေးအဖွဲ့မှ လုပ်ငန်းလိုင်စင် ခွင့်ပြု သင့်ပါကြောင်း တင်ပြချက်အစီရင်ခံစာအပေါ် အပတ်စဉ်ပြုလုပ်နေတဲ့ ဝန်ကြီးဌာန အလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ပြီး လုပ်ငန်းလိုင်စင် ခွင့်ပြုထုတ်ပေးခြင်း၊ လိုအပ်ပါက ပြန်လည်ပြုပြင် လုပ်ကိုင်စေခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် အင်းလေးကန် အရှေ့ဘက်ခြမ်းကို ဟိုတယ်ဇုန် ဖော်ထုတ်ဆောင်ရွက်လျက်ရှိရာမှာ ဟိုတယ်များကို ဘန်ဂလိုပုံစံသာမက အထပ်မြင့် ဆောက်လုပ်လိုပါက မျက်နှာစာများမှာ အင်းလေးကန်ရဲ့ မြင်ကွင်းကို ထိခိုက်မှုမရှိစေရန် ဟိုတယ်အမြင့်ကို ပေ(၃၀)အထိသာ ဆောက်လုပ်ရန်နှင့် မျက်နှာစာများရဲ့ အတွင်းပိုင်းနောက်ကျောဘက်မှ ဟိုတယ်များအနေဖြင့် မြေအနေအထားအပေါ် မူတည်ပြီးတော့ (၅၄)ပေအထိသာ ခွင့်ပြုရန် ဟိုတယ်ဒီဇိုင်းများကိုလည်း မြန်မာမှုကို အခြေခံပြီးတော့ ရိုးရာဓလေ့ပုံစံ ဆောက်လုပ်ရန် အရောင်အသွေးကိုလည်း နောက်ခံ သဘာဝတောတောင် ရေမြေကို အခြေခံပြီ ဆောင်ရွက်ရန် စတဲ့အချက်များအတွက် ဟိုတယ်ဇုန် ဖော်ထုတ်ရေးကော်မတီနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငပလီကမ်းခြေဒေသ အပါအဝင် ကမ်းခြေဒေသများမှာ ဟိုတယ်တည်းခိုရိပ်သာများ တည်ဆောက်တဲ့အခါမှာ လိုက်နာရန် အောက်ပါစည်းကမ်း သတ်မှတ်ချက်ထားရှိပါတယ်။ (၁) ကမ်းခြေဒေသတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ရာတွင် ကမ်းခြေဒီရေ အတက်ဆုံးနေရာမှ အနည်းဆုံး မီတာ (၅၀)အကွာမှာ အဆောက်အအုံတည်ဆောက်ရန်၊ (၂) ကမ်းခြေဒေသတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ရာတွင် ယေဘုယျအားဖြင့် (၂)ထပ်အမြင့် မြေပြင်မှ ပေ(၃၀)ထက် မမြင့်စေရန်၊ (၃) ကမ်းခြေတစ်လျှောက် ထုထည်ကြီးမားသော အဆောက်အအုံများတည်ဆောက်ခြင်းမပြုရန်၊ (၄) ကမ်းခြေနှင့်လိုက်လျောညီထွေတဲ့ ဗိသုကာပုံစံဒီဇိုင်းနဲ့ တည်ဆောက်ရေးပစ္စည်းများကို ရွေးချယ်တည်ဆောက်ရန်၊ (၅) ပင်လယ်ပြင်တစ်လျှောက် ရှုခင်းများကိုကာကွယ်မယ့် အကာအရံ တံတိုင်းများ ကာရံထားခြင်း မပြုလုပ်ပါရန်၊ (၆) ကမ်းခြေရှိ ကျောက်ဆောင်များ ဖြိုချခြင်း၊ သဲများတူးယူခြင်း၊ မြေဖို့ခြင်းနဲ့ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုခြင်း မပြုလုပ်ရန်၊ (၇) ဟိုတယ်တစ်ခုနှင့် တစ်ခုအကြား အများပြည်သူအတွက် ကမ်းခြေဆင်း လမ်းဖောက်လုပ်ထားရှိရန်စတဲ့ စည်းကမ်းချက်များ သတ်မှတ်ထားပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဘဦးညွန့်တင် ရဲ့ အင်းလေး၊ ငပလီဒေသများတွင် ဆောက်လုပ်လျက်ရှိ၊ ဆောက်လုပ်ရန် ဆောင်ရွက်နေသော ဟိုတယ်များသည် ဒေသသဘာဝပုံသဏ္ဌာန်များ၊ ဆေးရောင်များကိုသတ်မှတ်ကြီးကြပ်ပေးသွားရန် အစီအစဉ်ရှိပါကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး အဘ ဦးညွန့်တင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းထားရှိရန် သဘောတူလက်ခံ အတည်

ပြုထားသဖြင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူ မတူ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့ အတည်ပြုချက် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ)အရ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အခန်း(၁) အပိုဒ် ၃

အခန်း(၂) အပိုဒ် ၄

အခန်း(၃) အပိုဒ် ၅

အခန်း(၄) အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈

အခန်း(၅) အခန်းခေါင်းစဉ်၊ အပိုဒ်၉၊ အပိုဒ်၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂

အခန်း(၆) အပိုဒ် ၁၃၊ အပိုဒ်၁၄၊ အပိုဒ် ၁၅

အခန်း(၇) အပိုဒ် ၁၆၊ အပိုဒ် ၁၇

အခန်း(၈) အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊

အခန်း(၉) အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊

အခန်း(၁၀) အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊

အခန်း(၁၁) အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊

အခန်း(၁၂) အပိုဒ် ၅၃

အခန်း(၁၃) အပိုဒ် ၅၄

အခန်း(၁၄) အပိုဒ် ၅၆၊ အပိုဒ် ၅၇၊

အခန်း(၁၅) အပိုဒ် ၆၁၊ အပိုဒ် ၆၆၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀ တို့တွင် ပြင်ဆင်ခြင်း၊ အသစ်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြောင်းလဲအမှတ်စဉ်ထားခြင်းတို့ကို ပြည်သူ့လွှတ်တော်က ဆောင်ရွက်ထားပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောတူ လက်ခံအတည်ပြုသဖြင့်လည်းကောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့ အတည်ပြုချက် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ ၊ နည်းဥပဒေခွဲ(ဃ)အရ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အခန်း(၁) အပိုဒ် ၂

အခန်း(၂) အပိုဒ် ၃

အခန်း(၄) အပိုဒ် ၆

အခန်း (၅) အပိုဒ် ၈ ၊ ၉

အခန်း(၆) အပိုဒ် ၁၀၊ ၁၁၊

အခန်း(၇) အပိုဒ် ၁၂၊ ၁၃ အခန်း(၈) အပိုဒ် ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ တို့တွင် ပြင်ဆင်ခြင်း၊ အသစ်ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို ပြည်သူ့လွှတ်တော်က ဆောင်ရွက်ထားပါတယ်။

ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို သဘောတူ၊ မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

**အချိန်၊ ၁၀း၅၆။**

**ဗိုလ်မှူးကြီးလှဝင်းအောင် (တပ်မတော်သားကိုယ်စားလှယ်)။** ။ ကျွန်တော် ပြန်တမ်းဝင် အမှတ် ကြည်း ၁၉၇၂၇ ဗိုလ်မှူးကြီးလှဝင်းအောင် တပ်မတော်သားကိုယ်စားလှယ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး

ခင်ဗျား။ ကျွန်တော့် အား တင်ပြခွင့်ပြုပါခင်ဗျား။ နိုင်ငံသားများရဲ့ အကျိုးစီးပွားတိုးတက်စေဖို့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွေ သုံးစွဲဆောင်ရွက်တာကို ကျွန်တော့်အနေနဲ့ ကြိုဆိုပါတယ်၊ ထောက်ခံပါတယ်ခင်ဗျား။ ဒါပေမယ်လို့ ဒီ ဖွံ့ဖြိုးရေးရန်ပုံငွေဟာ ဥပဒေတစ်ရပ်အဖြစ် အတည်မပြုဘဲနဲ့လည်း လက်ရှိ အခြေအနေမှာဆိုလို့ရှိရင်လည်း သုံးစွဲဆောင်ရွက်ခွင့် ရနေပါတယ်။ နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းဖို့မပါရှိတာ အတွက် ကြောင့်ရယ်၊ နောက် ဘဏ္ဍာရေးစည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့လည်း မကိုက်ညီတဲ့အတွက် လောလောဆယ်တော့ ဥပဒေသစ်တစ်ရပ်အဖြစ် ပြဋ္ဌာန်းရန် မသင့်သေးပါကြောင်းနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့ ညီညွတ်စွာ စီမံဆောင်ရွက်ပြီးမှသာ စဥ်းစားသင့်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ ဥပဒေကြမ်းကို တင်သွင်းခြင်း၊ ဒါ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းတဲ့ ဥပဒေကြမ်းကို ဆောင်ရွက်ရမယ့် နည်းလမ်း(က) ဥပဒေကြမ်းကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်အားလည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် အား လည်းကောင်း၊ လွှတ်တော်သို့ တင်သွင်းစေရမည်။ ဒီ (က)အရ လွှတ်တော်တွင် လက်ခံဆွေးနွေးရန်၊ စဥ်းစားရန် သင့်၊ မသင့် ဆုံးဖြတ်ရတာ ဖြစ်ပါတယ်။

အခုကိစ္စက ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးတဲ့ကိစ္စ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ဆောင်ရွက်ရမယ့် နည်းလမ်းက အမျိုးသားလွှတ်တော် နည်းဥပဒေ ၁၆၇(က) ဥက္ကဋ္ဌသည် ယင်းသို့ ရရှိကြောင်း လွှတ်တော်သို့အသိပေးပြီး ဥပဒေကြမ်း၏ မိတ္တူများကို လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ် များထံ ဆောလျင်စွာ ဝေငှစေရမည်။ (ခ) ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌသည် ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမည်။ (ဂ) ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေကြမ်းကို ဆွေးနွေးရန် အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ဆွေးနွေးမည့်နေ့ရက်မတိုင်မီ (၃)ရက်ကြိုတင်၍ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့နိုင်ပါတယ်။ (ဃ) ဥက္ကဋ္ဌက သင့်လျော်သည် ဟု ထင်မြင်ယူဆပါက နည်းဥပဒေခွဲ(ဂ)ပါ ရက်သတ်မှတ်ချက်ကို လျှော့ပေါ့၍ ဥပဒေကြမ်းအား တင်သွင်းခွင့်ပြုနိုင်သည်။ (င) ဥပဒေကြမ်းကို ဆွေးနွေးရန် အဆိုအတည်ဖြစ်သောအခါ လိုက်နာရမည့်နည်းလမ်းမှာ လွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းသော နည်းလမ်းအတိုင်းပဲ ဖြစ်ရမည်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်က စတင်ဆွေးနွေးတဲ့ ဥပဒေကြမ်းတစ်ရပ် အမျိုးသား လွှတ်တော်ကို ရောက်ရှိလာတဲ့အခါမှာ လက်ခံဆွေးနွေးရန် သင့်၊ မသင့်ဆိုတဲ့ အဆင့် မပါတော့ပါဘူး။ သဘောပေါက်တယ်နော်။ ဒါကြောင့် အခု ဆုံးဖြတ်ချက်ရယူတဲ့ကိစ္စသည် ပြည်သူ့လွှတ်တော်က ပြင်ဆင်ခြင်း၊ အသစ်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဒါတွေကို သဘော တူ၊ မတူ လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ ဒါ လုပ်ထုံးလုပ်နည်းတိုင်းဖြစ်တယ်။ နောက် ဒီလို ဒီအချိန်မှာ ကန့်ကွက်လို့မရဘူး။

သို့သော်လည်း ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို သဘောတူ၊ မတူ အနေနဲ့ မဲခွဲဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။ ဟုတ်ပြီနော်။

သဘောမတူတဲ့သူ ရှိတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒီလိုအဆုံးအဖြတ်ရယူရာမှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့ အဆိုနိုင်လို့ရှိရင် ဒီဥပဒေကြမ်းကို ပြန်လည်ဆွေးနွေးပြီးတော့ ပြန်ဆုံးဖြတ်ဖို့ပဲ ဖြစ်တယ်။ ပယ်ဖျက်ဖို့တော့ မဖြစ်တော့ဘူး။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆန္ဒမဲကများလို့ နိုင်တယ်ဆိုရင်တော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်တယ်။ ရှင်းတယ်နော်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၉၇)၊ ကန့်ကွက်(၆၁)၊ ကြားနေ(၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ၏ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် ခရီးစဥ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် အခြားလူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှု အစီရင်ခံစာ(၁/၂၀၁၄) ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီက ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် ခရီးစဥ်အတွင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် အခြားလူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုအစီရင်ခံစာ(၁/၂၀၁၄)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဗိုလ်မှူးမြင့်စိန် (အဖွဲ့ဝင်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ရေ ၃၆၃၆ ဗိုလ်မှူးမြင့်စိန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားပါ့မယ် ခင်ဗျား။ ကျွန်တော်တို့ရဲ့ ကော်မတီဟာ လွှတ်တော်ရပ်နားနေစဥ်ကာလအတွင်းမှာ ချင်းပြည်နယ်၊

မကွေးတိုင်းနဲ့ ရခိုင်ပြည်နယ်တို့မှာ ကူညီစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ်အတွင်း ဆောင်ရွက်ခဲ့မှုများကို ကျွန်တော် တင်ပြသွားပါမယ်ခင်ဗျား။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်ပြီး ပြည်သူ့လွှတ်တော်က တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကို၊ အမျိုးသားလွှတ်တော် က ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ တို့နဲ့အတူ ဒေသခံပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ လိုက်ပါပြီးတော့ ၁၇-၁-၂၀၁၃ ရက်နေ့မှာ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဖလန်းမြို့နယ်၊ ထန်တလန်မြို့နယ်တို့မှ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲကို ဟားခါးမြို့ဈေးသစ်ရပ်မှာရှိတဲ့ မြို့တော်ခန်းမမှာ ကျင်းပခဲ့တဲ့ အတွက် မြို့နယ်များမှ အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါ အခမ်းအနားမှာ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌက ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ပရဟိတဂေဟာများ အတွက် အလှူငွေ ကျပ်သိန်း(၁၀၀)၊ ဖလန်းမြို့နယ်အတွင်း မြေပြိုမှုကြောင့်နေအိမ် ပြောင်းရွှေ့ခဲ့ရတဲ့ အိမ်ထောင်စုများအတွက် အလှူငွေကျပ်(၁၃၃)သိန်း၊ ချင်းပြည်နယ်ရှိမြို့နယ်နဲ့ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း(၆၀၀) တို့ကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။

အဲဒီနောက် ချင်းပြည်နယ် တီးတိန်မြို့ စကောလမ်းရပ်မှာရှိတဲ့ ကမ်းဟောက်ခန်းမမှာ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နဲ့အတူ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနဲ့ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါ အခမ်းအနားမှာ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနဲ့ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌဌက တီးတိန်နဲ့ တွန်းဇံမြို့နယ်အတွင်းမှာရှိတဲ့ ပရဟိတကျောင်းများကို အလှူငွေကျပ်သိန်း(၁၀၀)စီ လှူဒါန်းခဲ့ပါတယ်။

ဆက်လက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်တဲ့အဖွဲ့ဟာ ၁၉-၁၁-၂၀၁၃ ရက်နေ့တွင် မကွေးမြို့ အ.ထ.က(၁)လမ်းရှိ မြို့တော်ခန်းမမှာကျင်းပတဲ့ တွေ့ဆုံပွဲအခမ်းအနားမှာ မကွေးမြို့ ဒေသခံပြည်သူများနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဆိုပါတွေ့ဆုံပွဲမှာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း က အဖွင့်အမှာစကား ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်(၁၅)သိန်း မတည်ပေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ ချောက်မြို့မှာရှိတဲ့ သခင်ဖိုးလှကြီး မိသားစုဝင်(၃၂)ဦးကို တစ်ဦးလျှင် ငွေကျပ်(၃)သိန်းနှုန်းဖြင့် ငွေကျပ်(၉၆)သိန်း ထောက်ပံ့ပေးခဲ့ပါတယ်။ ဒီအခမ်းအနားမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစောဝင်းမောင် နဲ့ တိုင်းဒေသကြီး ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ်ခရီးစဥ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက်တင်ပြပါမယ်။ အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌဦးမြညိမ်း ဦးဆောင်တဲ့ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီ စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဟာ ၁၁-၁-၂၀၁၄ ရက်နေ့ ၁၂း၄၅ အချိန်မှာ ရန်ကုန်လေဆိပ်ကနေပြီးတော့ AIR KBZ လေယာဥ်နဲ့ စစ်တွေမြို့ကို ထွက်ခွာခဲ့ကြပါတယ်။ စစ်တွေလေဆိပ်ကို ၁၄း၂၀ အချိန်မှာရောက်ရှိပြီး လေဆိပ်မှာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ဦးဆောင်တဲ့ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ကြိုဆိုခဲ့ကြပြီး စစ်တွေလေဆိပ်ကနေပြီးတော့ မင်းချောင်းတံတားကို မော်တော်ယာဥ်များနဲ့ ထွက်ခွာခဲ့ကြပါတယ်။ မင်းချောင်းတံတားကနေပြီးတော့ ရွှေပြည်တန် အမြန်ရေယာဥ်နဲ့ ရသေ့တောင်ကို ဆက်လက်ထွက်ခွာခဲ့ကြပြီးတော့ ၁၆း၃၀ အချိန်မှာ ရသေ့တောင်ကို ရောက်ရှိခဲ့ကြပါတယ်။ ဆက်လက်ပြီးတော့ ရသေ့တောင်တိုက်နယ်ဆေးရုံကို ဆက်လက်ထွက်ခွာခဲ့ရာ ရသေ့တောင်တိုက်နယ်ဆေးရုံမှာ တိပိဋကရေဝမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ဣန္ဒပါလ၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးထွန်း နဲ့ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက ကြိုဆိုကြပါတယ်။

အဲဒီနောက် မျက်စိခွဲစိတ်ကုသလျက်ရှိတဲ့ ဝေဒနာရှင်များကို ဒုတိယဥက္ကဋ္ဌနဲ့ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးကော်မတီ ဥက္ကဋ္ဌ တို့က သွားရောက်ကြည့်ရှု အားပေးကြပြီးတော့ ခွဲစိတ်ပြီးလူနာတွေကို နေကာမျက်မှန် တပ်ဆင်ပေးခြင်း၊ ဆေးဝါးများပေးခြင်းနဲ့ လူနာတစ်ဦးကိုကျပ်(၅၀၀၀)စီ ထောက်ပံ့ပေးခဲ့ကြပါတယ်။ အဆိုပါ အခမ်းအနားကို တက်ရောက်လာကြသူများအနက် တိပိဋကရေဝမ္မဘဏ္ဍာဂါရိကဆရာတော်အရှင်ဣန္ဒပါလ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကယ်ဆယ်ရေးနဲ့ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့နဲ့အတူ ဒေသခံတာဝန်ရှိသူပုဂ္ဂိုလ်များက ယခုကဲ့သို့ မျက်စိအလင်းမဲ့နေသူများအား မျက်စိအလင်းပွင့်အောင် ဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ကျေးဇူးတင်စကား ပြောကြားခဲ့ကြပါတယ်။

ဆက်လက်ပြီး အလှူငွေ ပေးအပ်ခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီးတော့ အဲဒီလာပြတဲ့အထဲမှာ ရသေ့တောင်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား မျက်စိကုသဖို့အတွက် ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မိသားစုကနေပြီးတော့ အလှူငွေ ကျပ်(၆၂၈)သိန်းကို လှူဒါန်းခဲ့ပါတယ်။ မျက်စိအလင်းကုသမှုခံယူဖို့အတွက် ပြင်ပလူနာ အဖြစ် မျက်စိဝေဒရှင် (၃၀၀၀)ကျော် လာရောက်ပြသခဲ့ကြပြီးတော့ (၄၁၀)ဦးကို မျက်စိခွဲစိတ်ကုသမှု ပြုလုပ်ပေးကြောင်း သိရပါတယ်။ အဲဒီနောက် အမျိုးသားလွှတ်တော်၊ ဒုတိယ ဥက္ကဋ္ဌခေါင်းဆောင်တဲ့ အဖွဲ့ဟာ အောင်မြေဗောဓိသာသနာ့ရိပ်သာ၊ အလိုတော်ပြည့်ကျောင်းမှာ ညအိပ် ရပ်နားခဲ့ကြပါတယ်။

နောက်တစ်နေ့ ၁၂-၁-၂၀၁၄ ရက်နေ့မှာတော့ အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌဦးဆောင်တဲ့အဖွဲ့ဟာ ရသေ့တောင်ကနေပြီးတော့ အမြန်ရေယာဥ်နဲ့ မင်းချောင်းတံတားသို့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ မင်းချောင်းတံတားကနေမှ မော်တော်ယာဥ်များနဲ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန လူငယ်လေ့ကျင့်ရေးကျောင်းကို ဝင်ရောက်လေ့လာခဲ့ပြီးတော့ အလှူငွေ ကျပ်သိန်း(၅၀) လှူဒါန်းခဲ့ပြီးတော့ စစ်တွေဟိုတယ်မှာ နေ့လယ်စာ စားသုံးခဲ့ကြပါတယ်။

နေ့လယ် ၁၂း၅၀ အချိန်မှာတော့ စစ်တွေမြို့မှာရှိတဲ့ အတုလမာရဇိန်ပြည်လုံးချမ်းသာစေမှာရုံမှာ ပြည်နယ်သံဃာ့မဟာနာယက ဆရာတော်ကြီးများ၏ သြဝါဒခံယူပြီး ရခိုင်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်းကို ပြန်လည် ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေ က အသင်းအတွက် အလှူငွေကျပ်သိန်း(၃၀၀)ကို အသင်းဥက္ကဋ္ဌ ဒေါက်တာအေးမောင် ထံသို့ ပေးအပ်လှူဒါန်းခဲ့ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာအေးမောင်က အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း နဲ့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ တို့ကို ဘုရားဆင်းတုတော်(၂)ဆူ လက်ဆောင်ပေးအပ်ခဲ့ပါတယ်။ စစ်တွေလေဆိပ်ကနေ ပြီးတော့ ၁၇း၃၀ အချိန်မှာ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြပြီးတော့ နေပြည်တော်ကိုတော့ ၁၈း၁၅ အချိန်မှာ လေဆိပ်သို့ ရောက်ရှိခဲ့ကြပါတယ်။

ဆက်လက်ပြီး အခြားလူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုများကို ဆက်လက်တင်ပြပါမယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး မျက်စိရောဂါကုဌာနကို အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌက အမေရိကန်ဒေါ်လာ(၂၆၀၀၀)တန်ဖိုးရှိတဲ့ မျက်စိခွဲစိတ်သည့် စက်လှူဒါန်းပွဲကို ၁၇-၁၂-၂၀၁၃ ရက်နေ့၊ နံနက် ၉း၀၀ နာရီမှာ အဆိုပါဆေးရုံ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားမှာ မြောက်ဥက္ကလာပ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌက လှူဒါန်းရခြင်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ မျက်စိအတွင်းတိမ်ခွဲစိတ်တဲ့ စက်အား မျက်စိရောဂါကု ဌာနပါမောက္ခ ဒေါက်တာကိုကိုသန့် ထံကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက် ဒေါက်တာကိုကိုသန့် က ကျေးဇူးတင်စကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင် က အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ မလေးရှားနိုင်ငံမှာ တရားမဝင်ရောက်ရှိနေထိုင်ခဲ့ကြရတဲ့ အဖမ်းခံကြ ရတဲ့ မြန်မာများအနက် (၁၇၅)ဦးကို မြန်မာနိုင်ငံသို့ ၈-၁၀-၂၀၁၃ ရက်နေ့တွင် MAI လေကြောင်းလိုင်း အကူအညီနဲ့ ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။ မိသားစုနဲ့ အဆက်အသွယ်မရသူ တိုင်းရင်းသားအမျိုးသား (၃၅)ဦးအား ရန်ကုန်မြို့၊ တာမွေမြို့နယ် ပင်ရွှေညောင်လမ်းမှာရှိတဲ့ အလိုတော်ပြည့်ကျောင်းတိုက်မှာ ခေတ္တ တည်းခို နေထိုင်ခဲ့ကြပါတယ်။ အဆိုပါနေရပ်ပြန်ရန် အခက်အခဲရှိသူ (၃၅)ဦးမှာ ကချင်၊ ကရင်၊ ချင်း၊ မွန် နှင့် ရခိုင် တိုင်းရင်းသားများဖြစ်ကြပြီးတော့ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌက ၄င်းနေရပ်ပြန်ရန် အခက်အခဲရှိတဲ့(၃၅)ဦးကို လတ်တလော စားဝတ်နေရေးနှင့် မူရင်းဒေသပြန်ရန် စရိတ်အတွက် မတည်ငွေ ကျပ်သိန်း(၅၀) လှူဒါန်း ပေးခဲ့ပါတယ်။

ဆက်လက်ပြီး ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးသံအမတ်ကြီး ဦးတင်ဝင်း က မသန်စွမ်း စစ်မှုထမ်းအငြိမ်းစား(၃)ဦးအတွက် ဘန်ကောက်မြို့ရှိ Ofopots South East Asia Co.Ltd ခြေတုလက်တုစက်ရုံမှ ဂျာမန်နည်းပညာဖြင့် ပြုလုပ်သော ခြေတုအသစ်တစ်ခုစီ တပ်ဆင်နိုင်ရန် စစ်ဆေးစမ်းသပ်ခနှင့် ပြုလုပ်ခကုန်ကျစရိတ်များ ကူညီပေးပါရန် အကူအညီတောင်းခံလာ၍ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌက ဒုတိယဗိုလ်မှူးကြီးလှဝင်း (ငြိမ်း)၊ ဗိုလ်မှူးကျော်ညွန့်ဦး(ငြိမ်း)၊ ဗိုလ်မှူးအောင်သန်း(ငြိမ်း)တို့ကို ဘန်ကောက်မြို့မှာရှိတဲ့ ကျွမ်းကျင်သူများနှင့် တွေ့ဆုံပြီး စစ်ဆေးမှုခံယူ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ(၃)ဦးကို ခြေတုအသစ်တစ်ခုစီ တပ်ဆင်ပေးခဲ့ပါတယ်။ ယင်းခြေတုတစ်ခုစီအတွက် စစ်ဆေးစမ်းသပ်ခနှင့် ပြုလုပ်မှုကုန်ကျစရိတ် အခွန်ငွေ အပါအဝင် အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး တစ်ဦးအတွက် ဘတ်ငွေ(၂၀၅၀၀၀)နှင့် ဗိုလ်မှူးနှစ်ဦးအတွက် ဘတ်ငွေ(၃၁၀၃၀၀) စုစုပေါင်း ထိုင်းဘတ်ငွေ(၅၁၅၃၀၀) အကုန်ကျခံပြီးတော့ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

ဆက်လက်ပြီး ပညာရည်ထူးချွန်ပြီး ငွေကြေးမတတ်နိုင်တဲ့ ကျောင်းသား၊ ကျောင်းသူ(၂၇)ဦးကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် (၁)နှစ်စာ ပညာသင်စရိတ်ထောက်ပံ့ငွေအဖြစ် ကျပ်(၂၁၇၂၀,၀၀၀) ပေးအပ်လှူဒါန်းခဲ့ပါတယ်။

အထက်ဖော်ပြပါ ခရီးစဉ်များအတွင်းနှင့် အခြားလူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီဆောင်ရွက်မှုများ လှူဒါန်းမှုအစုစုတို့ တန်ဖိုးငွေစုစုပေါင်းမှာ ကျပ်သိန်းပေါင်း(၂၃၉၈,၄၉,၀၀၀) ဖြစ်ပြီးတော့ အဆိုပါ ကုန်ကျစရိတ်ငွေအားလုံးကို ဇေကမ္ဘာကုမ္ပဏီလီမိတက်မိသားစုတို့မှ လှူဒါန်းခြင်းဖြစ်ကြောင်း အစီရင်ခံစာ တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီအနေနဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ အခက်အခဲကို တတ်စွမ်းသည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ၏ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် အခြားလူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီဆောင်ရွက်မှု အစီရင်ခံစာ(၁/၂၀၁၄)ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပမယ့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစည်းအဝေးကို နေ့လယ် ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]